မျက်နှာ– ၂၁၊ 'မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးစိန်ခေါ်မှုများ' အပေါ် ဒေါ်အောင်ဆန်းစုကြည်၏ ဆွေးနွေးပြောကြားချက် ...မှ အဆက်

Challenges Of Current Transition In Myanmar
Organized by
BAYDA INSTITUTE
In Partnership W
Konrad - Adenauer - Stift (KAS)

ဒါကြောင့် ကျွန်မတို့ တစ်ချက်ချင်း
ချက်ချင်း ဖွဲ့စည်းပုံ အခြေခံဥပဒေကို
ျင်ပြောင်းလဲဖို့ လိုသလဲ ဆိုတာ ပြည်သူ
ကို ချပြတဲ့အခါကျ ပြည်သူတွေက
ခံနက် ထောက်ခံပါတယ်။ ကျွန်မတို့က
က်မှတ်ထိုးတဲ့ လှုပ်ရှားမှု လုပ်တယ် ဆိုတာ
သူတွေကို တစ်နည်းအားဖြင့် ပြောရင်
ယ့်ရဲ့ ယုံကြည်ချက်အရ ရဲရဲဝံ့ဝံ့ ရပ်တည်ဖို့
န်မတို့ စိန်ခေါ်လိုက်တာပဲ။ မဲပေးသလို
တ်ဘူး လျှို့ဝှက်မဲ မဟုတ်ဘူး၊ အားလုံး
တယ်၊ ကိုယ်ကနေ တိုးတိုးတိတ်တိတ်
သိအောင် လုပ်လို့ မရဘူး။ ကိုယ်က
ခါတည်း ရပ်တည်ပြလိုက်တာပဲ။ ကိုယ့်ရဲ့
ကြည်ချက်ပေါ်မှာ ကိုယ် သတ္တိရှိရှိနဲ့
တည်နိုင်တဲ့ သတ္တိရှိဖို့ ဒီလူတွေကို စိန်ခေါ်
က်တာ ဖြစ်တယ်။ အဲဒီတော့ ၅ သန်းကျော်
က်မှတ်ရပါတယ်။ ၅ သန်းသော ပြည်သူ
းဟာ သတ္တိရှိရှိနဲ့ ယုံကြည်ချက်အပေါ်မှာ
တည်တဲ့၊ သတ္တိရှိရှိနဲ့ ရပ်တည်ခဲ့တဲ့ ပြည်သူ
ယောက်ချင်း၊ တစ်ယောက်ချင်းရဲ့နောက်မှာ
ဒီလောက် သတ္တိမရှိတဲ့ ပြည်သူတွေလည်း ရှိမှာပဲ ဆိုတာ ကျွန်မတို့ ခန့်မှန်း ပြောပြတာ ဆိုတော့ အဲဒါ ကြည့်ခြင်းအားဖြင့် ကျွန်မတို့ ပြည်သူအများစုက ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြောင်းလဲရေးကို လက်ခံတယ် ဆိုတာကို ကျွန်မတို့ သဘောပေါက်ပါတယ်။ အဲဒီဟာ ကျွန်မတို့အတွက် အဓိကပါ။ ပြည်သူဟာ အသွင်ကူးပြောင်းရေးအတွက် ဘယ်လောက်အထိ ပါဝင်နိုင်မလဲ၊ ပါဝင်ချင်တဲ့စိတ်ရှိသလဲ၊ အဲဒါဟာ ကျွန်မတို့အတွက် အကြီးဆုံး စိန်ခေါ်မှုပဲလို့ ကျွန်မ အဲဒီလိုပဲ သတ်မှတ်တယ်။

ဒုတိယ ပင်လုံကို အနာဂတ် ပြည်ထောင်စု သား အားလုံးက ဆွေးနွေးပြီးအကောင်အထည်ဖော်သင့်

ကျွန်မအနေနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ အသေးစိတ် ကျွန်မက မပြောချင်ပေမယ့် ပင်လုံကိစ္စကို မပြောမဖြစ်လို့ ပြောပါရစေ၊ ဘာလဲဆိုတော့ ကျွန်မ ၂၀၁၀ မှာ အကျယ်ချုပ်ကနေ မလွတ်ခင်ကတည်းက ကျွန်မတို့ ဆရာတွေထဲက မဟာမိတ်အဖွဲ့ဝင် ဖြစ်တဲ့ ဗိုလ်မှူး အမျိုးသားကွန်ဂရက်ကနေစပြီး ဒုတိယ ပင်လုံလုပ်ဖို့ အရေးကို စပြီး ပြောခဲ့ပြီး ကျွန်မတို့ ၂၀၁၀ ထွက်လာတဲ့အခါကျ ဒါကို လည်း ကျွန်မအနေနဲ့ ထောက်ခံခဲ့တာ။ ကျွန်မ ဒီလို ပြောရတာ တချို့က အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ စဉ်းစားတာကနေ ပေါ်လာတဲ့ အဆိုလို့ ပြောနေလို့ပါ။ ဒါဟာ တိုင်းရင်းသား တွေထဲကနေ ထွက်လာတဲ့ အင်မတန်မှ ကောင်းတဲ့ အဆိုတစ်ခု ကျွန်မတို့ကနေ ကျွန်မတို့ရဲ့ အတွေးအခေါ်ပါလို့ အဲဒီလို ဓားပြတိုက်ပြီး မယူချင်ပါဘူး။ တကယ်တော့ ဒီအတွေးအခေါ်က ကျွန်မတို့ တိုင်းရင်းသား မဟာမိတ်ဆီကနေ ထွက်လာတဲ့ အတွေး အခေါ်ပါ။ ဒုတိယ ပင်လုံဆိုတာ လုပ်ရမယ်။ ဒုတိယ ပင်လုံဆိုတာ ကျွန်မတို့ရဲ့ အနာဂတ် ပြည်ထောင်စုသား အားလုံးက ဆွေးနွေးပြီး အကောင်အထည်ဖော်သင့်တယ် ဆိုတာ ဒါတိုင်းရင်းသား မဟာမိတ်များရဲ့ အဆိုပြု ချက်ပါ။ ဒါကိုလည်း ကျွန်မတို့က လုံးဝ ထောက်ခံပါတယ်။ အားလုံး သိတဲ့ အတိုင်းပဲ လူတိုင်းက ဒုတိယပင်လုံ၊ ဒုတိယပင်လုံ အခုကတော့ တော်တော်ကို ခေတ်စားသွားပြီ ပေါ့နော်။ ဒါပေမဲ့ ကျွန်မတို့ ပင်လုံ ဆိုတာ ဘာကို ဆိုလိုတာလဲ ဆိုတာ စဉ်းစားဖို့ လိုပါတယ်။ တကယ်တော့ ပင်လုံစာချုပ်ထဲမှာ ပါခဲ့တဲ့ တိုင်းရင်းသားလူမျိုးစုတွေက အားလုံး မစုံကြပါဘူး။ ကျွန်မတို့ နိုင်ငံထဲမှာ အားလုံး ပါဝင်ပြီး လက်မှတ်ထိုးခဲ့တာ မဟုတ်ပါဘူး။ ဒါကြောင့် တချို့တိုင်းရင်းသားတွေက ဒုတိယ ပင်လုံဆိုတာ နည်းနည်း ဘဝင်မကျတဲ့ ပုဂ္ဂိုလ် များလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်မ ပြောချင်တာက ကျွန်မတို့က ပင်လုံနဲ့ ပတ်သက်လို့ ကျွန်မတို့အတွက် အဓိက အရေးကြီးတာက ပင်လုံစိတ်ဓာတ်ပဲ။ ပင်လုံ စိတ်ဓာတ် ဆိုတာလည်း အသွင်ကူးပြောင်းရေး စိတ်ဓာတ်တစ်ခုလို့ ကျွန်မ မြင်တယ်။ ဒီပင်လုံ စာချုပ် လက်မှတ်မထိုးခင် အချိန်တုန်းက တစ်ခါမှ ကျွန်မတို့ နိုင်ငံအတွင်းက တိုင်းရင်းသားတွေက စုပေါင်းပြီးတော့ နိုင်ငံရေး ဦးတည်ချက် တစ်ခုကို သဘောတူခဲ့တယ် ဆိုတာ မရှိခဲ့ပါဘူး။ အဲဒီတော့ အဲဒါတွေက အသွင်ကူးပြောင်းရေး တစ်ခုပါ။ အင်မတန်မှ အရေးကြီးတဲ့ အသွင်ကူးပြောင်းရေး လက္ခဏာ တစ်ခုလို့ ကျွန်မ မြင်ပါတယ်။ ပင်လုံမှာ စပြီး ငါတို့ အားလုံးဟာ မတူသော တိုင်းရင်းသားများ အားလုံး စုပေါင်းပြီး ရည်ရွယ်ချက် တစ်ခု အတွက် လုပ်နိုင်တယ်ဆိုတဲ့ စိတ်ဓာတ်ကိုက အဲဒီတုန်းက အသစ်အဆန်း စိတ်ဓာတ် အသွင်ကူးပြောင်းရေး စိတ်ဓာတ်လို့၊ အခု ကျွန်မတို့ဟာ အသွင်ကူးပြောင်းရေးအတွက် အင်မတန်မှ ကြီးမားတဲ့ အခွင့်အရေး တစ်ခုပါ၊ စိန်ခေါ်မှုဆိုတာ အခွင့်အရေးပဲ၊ ဒီအခွင့်အရေးကို မှန်မှန်ကန်ကန် သုံးရမယ်။ သုံးတဲ့နေရာမှာ အဓိကက ကျွန်မတို့ လိုတာပေါ့။

ငြိမ်းချမ်းရေးဆိုတာ ယုံကြည်မှု တည်တဲ့သလောက် တည်တံ့ပါတယ်

တစ်ဦးပေါ် တစ်ဦး အပြန်အလှန် ယုံကြည်မှု၊ ဒီယုံကြည်မှု မတည်ဆောက်ဘဲနဲ့ ငြိမ်းချမ်းရေး တည်ဆောက်နိုင်တယ် ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်ဘူး။ ငြိမ်းချမ်းရေး ဆိုတာ ယုံကြည်မှု တည်တံ့သလောက် တည်တံ့ပါတယ်။ အဲဒီတော့ ယုံကြည်မှု တည်ဆောက်ဖို့ ဆိုတာ ဘယ်လို တည်ဆောက်ရမလဲ ဆိုတာ ကျွန်မတို့ တစ်ယောက်နဲ့ တစ်ယောက်၊ သဘောထားချင်း၊ စိတ်ကူးချင်း ဖလှယ်ရမယ်။ တစ်ယောက်နဲ့ တစ်ယောက် အကြောင်းမသိဘဲနဲ့ ဘယ်လိုလုပ် ယုံကြည်နိုင်မလဲ။ တစ်ခါမှ စကားမပြောဖူးတဲ့သူ၊ တစ်ခါမှ မတွေ့ဖူးတဲ့သူ ပထမဦးဆုံးအကြိမ် တွေ့တဲ့အခါမှာ ယုံကြည်ပါတယ်လို့ ကျွန်မတို့ ဘယ်လို ပြောမလဲ၊ ယုံကြည်မှု တည်ဆောက်ဖို့ ဆိုတာ တစ်ဦးအကြောင်း သိဖို့ လိုပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်နဲ့ အတွေးအခေါ် အယူအဆတွေ၊ ယုံကြည်ချက်တွေကို ကျွန်မတို့ သိဖို့ လိုပါတယ်။ အဲဒါကြောင့်မို့ ခြုံငုံပြီး ပြောရမယ်ဆိုရင် ကျွန်မတို့ဟာ ဆွေးနွေးရမယ်၊ တိုင်ပင်ရမယ်၊ ကျွန်မတို့ မတူတဲ့ သဘောထား တွေကို ညှိရမယ်။ မတူတဲ့ သဘောထားတွေ ညှိတဲ့အခါမှာ ကျွန်မတို့နိုင်ငံ အေးချမ်းရေး အတွက်၊ ပြည်ထောင်စု တည်တံ့ ခိုင်မြဲရေး အတွက် တစ်ဦးချင်း တစ်ဦးချင်းက ငါ ဘာပေး နိုင်တယ် ဆိုတာ စဉ်းစားကြပါလို့ ကျွန်မ ပြောချင်ပါတယ်။ သမ္မတ မိန့်ခွန်းထဲက လိုပေါ့ ကိုယ့်နိုင်ငံက ကိုယ့်ကို ဘာပေးနိုင်မလဲ လို့ မမေးပါနဲ့၊ ကိုယ်က ကိုယ့်နိုင်ငံကို ဘာပေးနိုင် သလဲ ဆိုတာ မေးပါ ဆိုသလိုပဲ ကျွန်မတို့က ဒီအချိန်မှာ အသွင်ကူးပြောင်းရေးအတွက် ဘာလုပ်ပေးခြင်းက ဘာလုပ် ပေးနိုင်မလဲ

*